**မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းက ICDO ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ**

(၂၇-၅-၂၀၂၆၊ ဗီယင်နာ)

ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းသည် ဗီယင်နာအခြေစိုက် အပြည်ပြည်ဆိုင်ရာ မတူကွဲပြားသည့် ယဉ်ကျေးမှုအဖွဲ့အစည်း (International Cultural Diversity Organization-ICDO) ဥက္ကဋ္ဌ Ms. Josipa Palac အား ၂၇-၅-၂၀၂၆ ရက်တွင် မြန်မာသံရုံး၊ ဗီယင်နာမြို့၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် ICDO ဥက္ကဋ္ဌက မြန်မာသံရုံး၊ ဗီယင်နာမြို့အနေဖြင့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလတွင် ဗီယင်နာမြို့တော်ခန်းမ (Festsaal Rathus) ၌ ကျင်းပမည့် ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲ (Costumes of the World Show) တွင် ယခင်နှစ်များနည်းတူ ပါဝင်ဆင်နွှဲပေးစေလိုကြောင်းဖိတ်ခေါ်ခဲ့ပြီး၊ မြန်မာသံအမတ်ကြီးကလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ဩစတြီးယားနိုင်ငံတွင် မြန်မာနိုင်ငံ၏ ပုံရိပ် ပိုမိုမြင့်တင်နိုင်ရေးအတွက် ခင်မင်ရင်းနှီးစွာဖြင့် ဆွေးနွေးအမြင်ချင်း ဖလှယ်မှုများ ပြုလုပ်ခဲ့သည်။

ICDO သည် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် အခြေစိုက်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်းဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

**Myanmar Ambassador U Min Thein receives ICDO President**

**(27–5–2026, Vienna)**

H.E. U Min Thein, Ambassador of Myanmar to Austria, received Ms. Josipa Palac, President of the International Cultural Diversity Organization (ICDO), based in Vienna, at the Myanmar Embassy in Vienna on 27 May 2026.

During the meeting, the ICDO President invited the Myanmar Embassy in Vienna to participate, as in previous years, in the “Costumes of the World Show” to be held in September 2026 at Vienna City Hall (Festsaal Rathaus). The Myanmar Ambassador also expressed continued cooperation and cordially exchanged views on enhancing Myanmar’s image in Austria.

ICDO is a non-governmental organization based in Vienna, Austria, established in 2017 with the aim of promoting cultural exchange and people-to-people relations.



